**သတင်းထုတ်ပြန်ချက်**

**ထုတ်ပြန်ပေးပါရန်**

# MPT က တေးသီချင်းချစ်သူများအတွက် အမိုက်စားသီချင်းများကို တစ်ရက်လျှင် ၉၀ ကျပ်ဖြင့် နားဆင်နိုင်မည့် mJams အက်ပလီကေးရှင်းကို မိတ်ဆက်

*MPT သုံးစွဲသူများအနေဖြင့် နောက်ဆုံးပေါ် EDM မြူးဇစ်များ၊ လူကြိုက်များသည့် ပေ့ါပ်နှင့် ရော့ခ်သီချင်းများ အပါအဝင် တေးသီချင်းပေါင်းများစွာကို ၇ ရက် အခမဲ့ နားဆင်နိုင်မည်*

**(ရန်ကုန်၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်) -** တေးသီချင်းချစ်သူများအနေဖြင့် မြန်မာ့ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာ MPT ၏ အထူးအစီအစဉ်ဖြစ်သည့် mJams မိုဘိုင်းလ်အက်ပလီကေးရှင်းမှတစ်ဆင့် ပြည်တွင်းမှ နာမည်ကျော်ကြားသော တေးသီချင်းပေါင်းများကို နားဆင်ခံစားနိုင်ပြီ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝှမ်း မှ MPT ဆင်းမ်ကတ်သုံးစွဲသူများအနေဖြင့် မိမိဖုန်းတွင် mJams အက်ပလီကေးရှင်းကို ဒေါင်းလုတ်ရယူ၍ စာရင်းသွင်းပြီးပါက ပြည်တွင်းမှနာမည်ကျော်ကြားသော သီချင်းများကို ၇ ရက်တာ အတွက် ကုန်ကျမှုမရှိပဲ နားဆင်ခံစားနိုင်မည် ဖြစ်သည်။ ၇ ရက် ကျော်လွန်ပြီးသည်နှင့် သုံးစွဲသူများက မိမိကြိုက်နှစ်သက်သည့် သီချင်းများကို တစ်ရက်လျှင် ၉၀ ကျပ် (ကုန်သွယ်ခွန်ပါဝင်ပြီး) အသက်သာဆုံးနှုန်းထားဖြင့် ဆက်လက် နားဆင်ခံစားနိုင်မည် ဖြစ်သည်။

စမတ်ဖုန်းများအတွက် ရည်ရွယ်ဖန်တီးထားသော mJams တွင် သုံးစွဲသူများကြိုက်နှစ်သက်သည့် အဆိုတော်များ၊ တေးသီချင်းများ၊ တေးသီချင်းအယ်လ်ဘမ်များ နှင့် ကိုယ်ပိုင် Playlist များကို ချိတ်ဆက်ပေးထားပြီး မိမိတို့အိမ်တွင်ဖြစ်စေ၊ လမ်းခရီးများတွင် ဖြစ်စေ ၂၄ နာရီ၊ ၇ ရက်ပတ်လုံး နားဆင်နိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် မိမိကြိုက်နှစ်သက်သည့်သီချင်းများကို ဒေါင်းလုတ်ရယူထားနိုင်ပြီး အင်တာနက် အသုံးပြုရန် မလိုအပ်ဘဲ ပြန်လည်နားဆင်နိုင်မည် ဖြစ်သည်။

MPT-KSGM Joint Operations မှ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda က *"ကျွန်တော်တို့ရဲ့ တန်ဖိုးထားရတဲ့ သုံးစွဲသူတွေအတွက် ဖျော်ဖြေရေးဝန်ဆောင်မှုတွေကို ထပ်တိုးပြီး ယူဆောင်လာဖို့ ရည်ရွယ်ထားတဲ့အတွက် ပြည်တွင်းမှ ဂီတအမျိုးအစားအားလုံးကို နှစ်သက်ကြတဲ့ တေးသီချင်းချစ်သူတွေက အခုဆိုရင် mJams ကနေ တစ်ဆင့် စီးမျောခံစားနိုင်ပါပြီ။ အကောင်းဆုံး အရည်အသွေးနဲ့ အတွေ့အကြုံတွေလိုချင်တဲ့ တေးသီချင်းချစ်သူတွေအတွက် ဂီတကဏ္ဍရဲ့ ထိပ်ဆုံးမှာရှိတဲ့ သီချင်းတွေပဲဖြစ်ဖြစ်၊ ကိုယ်ကြိုက်တဲ့သီချင်းတွေပဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ ဘယ်နေရာ၊ ဘယ်အချိန်မှာမဆို MPT ရဲ့ မြန်နှုန်းမြင့် 3G/LTE+ ကွန်ရက်ပေါ်ကနေ နားဆင်ခံစားနိုင်ပါပြီ"* ဟု ပြောကြားခဲ့သည်။

မိမိတို့ စိတ်ခံစားမှုအလိုက် နှစ်သက်ရာ တေးဂီတအမျိုးအစားများကို ရွေးချယ်နိုင်စေရန် စီစဉ်ထားပြီး များပြားလှသော တေးသီချင်းစုစည်းမှုများအပြင် မိမိတို့ဖုန်းမှ တိုက်ရိုက်ရှာဖွေနားဆင်နိုင်မည်ဖြစ်ပြီး ပြည်တွင်းအဆိုတော်များ၏ အကောင်းဆုံးတေးသီချင်းများကို မိမိတို့ကိုယ်ပိုင်ရေဒီယိုကဲ့သို့ နားထောင်နိုင်မည့် mJams အက်ပလီကေးရှင်းအား တစ်ပတ်တာလုံး ကုန်ကျမှုမရှိဘဲ စမ်းသပ်အသုံးပြုနိုင်ရန် MPT က အထူးစီစဉ်ဆောင်ရွက်ပေးထားခြင်း ဖြစ်သည်။ mJams အက်ပလီကေးရှင်းကို Android ဗားရှင်း 4.4.4 နှင့် အထက်၊ iOS 9 နှင့် အထက်ရှိသော ဖုန်းများတွင် ရယူသုံးစွဲနိုင်ပြီ ဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် mJams ဝန်ဆောင်မှုကို ၇ ရက်တာအခမဲ့ အသုံးပြုနိုင်ရန် Google Playstore (http://bit.ly/1otDMq7) နှင့် Apple app stores (http://bit.ly/mjamsiosmmr) လင့်ခ်များမှ တစ်ဆင့် ရယူခြင်း (သို့မဟုတ်) MPT ၏ လိုတရ portal ဖြစ်သည့် http://mj.lotayamm.com မှတစ်ဆင့် ဒေါင်းလုတ်ရယူနိုင်ပါသည်။ ဒေါင်းလုတ်ရယူပြီးသည်နှင့် သုံးစွဲသူများက MPT ဖုန်းနံပါတ်ဖြင့် မှတ်ပုံတင်ရန်လိုအပ်ပြီး ဒေါင်းလုတ် (သို့မဟုတ်) တိုက်ရိုက်နားထောင်ခြင်းများအတွက် သုံးသလောက်ပေး (PAYG) သို့မဟုတ် သတ်မှတ်ဒေတာနှုန်းထားများ အတိုင်း ကျသင့်မည်ဖြစ်ပါသည်။

mJams နှင့် ပတ်သက်၍ ထပ်မံသိရှိလိုပါက http://www.facebook.com/mjamsmyanmar/ သို့ Hotline နံပါတ် 106 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




###

## mJams ကုမ္ပဏီအကြောင်း

mJams music အက်ပလီကေးရှင်းမှာ စမတ်ဖုန်းများအတွက် အထူးရည်ရွယ်ဖန်တီးထုတ်လုပ်ပြီး ၂၄နာရီ ၇ရက်ပတ်လုံး မိမိတို့ကြိုက်နှစ်သက်ရာ ပြည်တွင်းနာမည်ကြီးအဆိုတော်တို့၏ တေးသီချင်းများ၊ အယ်လ်ဘမ်များကို ရယူခံစား နိုင်မည် ဖြစ်သည်။

mJams music တွင် တေးသီချင်းများအား မည်သည့်နေရာတွင်မဆို မိမိတို့ဖုန်းမှတစ်ဆင့် တိုက်ရိုက်ရှာဖွေ နားဆင်နိုင်မည်ဖြစ်ပြီး အကောင်းဆုံးပြည်တွင်းအဆိုတော်များ၏ တေးဂီတသီချင်းများအား စိတ်ချမ်းသာစွာဖြင့် မိမိတို့၏ ကိုယ်ပိုင်ရေဒီယိုကဗ္ဗာတစ်ခုကဲ့သို့ ဖန်တီး နားထောင်နိုင်မည် ဖြစ်သည်။

သုံးစွဲသူများကြိုက်နှစ်သက်စေမည့် mJams music အက်ပလီကေးရှင်းကို မည်သည့် စမတ်ဖုန်း အမျိုးအစားတွင်မဆို MPT ကွန်ရက်ကို အသုံးပြု၍ အလွယ်တကူ ရယူထည့်သွင်းပြီး ခံစားနိုင်ဆင်နိုင်ပြီ ဖြစ်သည်။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအကြောင်း

မြန်မာပြည်၏ပထမဦးဆုံးနှင့် ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ ဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည်မြန်မာနိုင်ငံ၏ဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်နှစ်ပေါင်း (၁၃၀) ကျော်ကြာ လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ အကြီးမားဆုံး 3G အင်တာနက်ကွန်ရက် ဖြစ်သည့်အပြင် သာမန် 4G/LTE ထက်မြန်နှုန်း ၂ဆရှိသည့် 4x4 MIMO နည်းပညာသုံး LTE+ ကွန်ရက်နှင့်အတူ မြန်မာပြည်သူပြည်သား သုံးစွဲသူ များနှင့် စီးပွားရေး လုပ်ငန်းကြီးများအတွက် လိုင်းဖုန်းများနှင့် မိုဘိုင်းလ် ဆက်သွယ်ရေးများကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်ကာ MPT အနေဖြင့် ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သော KDDI Corporation (KDDI) နှင့် Sumitomo Corporation (Sumitomo) တို့ ပူးပေါင်းလုပ်ကိုင်သည့် KDDI Summit Global Myanmar (KSGM) နှင့် အကျိုးတူပူးပေါင်းမှု ကတိကဝတ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ KDDI နှင့် Sumitomo တို့က မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုများကို MPT နှင့်အတူတကွ ပူးပေါင်းဖော်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကို ၁၀ နှစ်တာအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည် ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏမှာ မြန်မာနိုင်ငံအတွင်း ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသမိုင်း၌ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုလည်း ဖြစ်ပါသည်။

MPT အနေဖြင့် KSGM နှင့် အတူ ပူးပေါင်း၍ ဝန်ထမ်းပေါင်း ၈,၀၀၀ ကျော် နှင့်အတူ ဆက်သွယ်ရေးနည်းပညာကဏ္ဍကို တိုးတက်စေခြင်း ဖြင့် မြန်မာနိုင်ငံအားရှေ့သို့ လှမ်းချီနိုင်စေရန်ကြိုးပမ်း ဆောင်ရွက်နေပါသည်။

အသေးစိတ်အချက်အလက်ကိုသိရှိလိုပါက http://www.mpt.com.mm သို့မဟုတ် http://www.facebook.com/mptofficialpage တွင်ဖတ်ရှုလေ့လာနိုင်ပါသည်။

**မီဒီယာသတင်းအချက်အလက်များအတွက်မေးမြန်းလိုပါကဆက်သွယ်ရန် :**

MPT-KSGM Joint Operations

**မဟေမာန်စိုး**

(+၉၅) ၀၉၄၂၃၀၀၀၁၇၁

haymannsoe@mptjo.com.mm

Echo Myanmar

**သုတလင်း**

(+၉၅) ၉ ၄၂၀၀ ၀၇၀၆၃

thuta@echomyanmar.com

**MPT ရှေ့သို့လှမ်းချီမြန်မာပြည်**